ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၃ ၊ အမှတ် ၂ ｜ ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလ ၁ ရက်

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း MACCS / MCIS စနစ်အတွက် အိတ်ဖွင့်တင်ဒါ အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားခြင်း



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန ၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်သော MACCS / MCIS စနစ်တွင် လိုအပ်သော Vendor များ ၊ Hardware ပစ္စည်းများဝယ်ယူခြင်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ NTT Data Myanmar Co., Ltd မှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ K.M.D Co., Ltd မှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ Winner Computer Group Co., Ltd မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး (၁၆:၂၀) နာရီအချိန်တွင် အခမ်းအနားအောင်မြင်စွာပြီးဆုံးခဲ့ပါသည်။

# စာရေးအခြေခံ သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဆင်းပွဲ အခမ်းအနားကျင်းပခြင်း



၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ (၁၁) ရက်နေ့ နေ့လည် (၁၃:၀၀) နာရီအချိန်၌ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမတွင် စာရေးအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဆင်းပွဲအခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် သင်တန်းသား (၃၆) ဦး တို့တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၁/၂၀၁၇) ဆင်းပွဲ အခမ်းအနားကျင်းပခြင်း



၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ (၂၅) ရက်နေ့ နံနက် (၉:၀၀) နာရီအချိန်၌ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမတွင် အကောက်ခွန်မှူးသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဆင်းပွဲအခမ်းအနား ကျင်းပ ပြုလုပ်ခဲ့ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းတက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် သင်တန်းသား (၁၄) ဦး တို့တက်ရောက်ခဲ့ကြပါသည်။

# (၃၉) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဘုံကထိန်ဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ နှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း နှင့်ဇနီးတက်ရောက်ခြင်း



(၃၉) ကြိမ်မြောက် အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဘုံကထိန်ဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာလ (၂၄) ရက်နေ့ နံနက် (၉:၀၀) နာရီအချိန်တွင် မင်းကွန်းတောရကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း နှင့်ဇနီး ၊ ညွှန်ကြားရေးမှူးများနှင့်ဇနီးများ ၊ အရာထမ်းများ ၊ အမှုထမ်းများ နှင့် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းဟောင်းများစုံလင်စွာ တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၄၈၁၇.၂၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီးဖမ်းဆီးမှုမှာ (၄၅၆) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၄၈၁၇.၂၇၈) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်




လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၁၄) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂၃၆.၂၆၁) သန်းခန့်ရှိသည့်အနက် ၂၅-၁၀-၂၀၁၇ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်လေကြောင်းလိုင်းဖြင့် Beijing မှ ရန်ကုန်သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Food Supplement Item (၉) မျိုး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၄) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၄၈၁၇.၂၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း





ဆိပ်ကမ်းတားဆီးမှုအနေဖြင့် ၂၆-၁၀-၂၀၁၇ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ Silver Corona Co., Ltd မှ တင်သွင်းလာသော Recon: Pick Up (2 Door) (L.H.D) , Brand- Toyota Tundra (Extra Cab) (1) U အားစစ်ဆေးခဲ့ရာ Recon: Pick Up (4 Door) (L.H.D) , Brand- Toyota Tundra (Double Cab) လုပ်ငန်းသုံးယာဉ်မှ လူစီးယာဉ်အုပ်စုသို့ ပြောင်းလဲတင်သွင်းလာသည့်အတွက် ခန့်မှန်းတန်ဖိုးကျပ် (၃၄.၇၂၅) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၈၁၇.၂၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း






နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၄၄၁) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၄၅၄၆.၂၉၂) သန်းခန့် ရှိသည့်အနက် ၁၆-၁၀-၂၀၁၇ ရက်နေ့တွင် မန္တလေးမှ ပြင်ဦးလွင်သို့ သွားရောက်မည့် Nissan Diesel (၁၂) ဘီးယာဉ် (၁) စီးအား (၁၆) မိုင်ကျော့ကျော်ချောစစ်ဆေးရေးစခန်းတာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ တားဆီး စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အပြာရောင် ပလပ်စတစ်ပေပါ (၁) လုံးလျှင် ဟိုက်ဒရိုကလိုရစ်အက်ဆစ် (၂၀၀) လီတာခန့်ပါ ပေပါ (၄၅) လုံး ၊ စုစုပေါင်း (၉၀၀၀) လီတာခန့် နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၉၅) သန်းခန့်အား စစ်ဆေး တွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ အောက်တိုဘာအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၈၁၇.၂၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၇-၁၀-၂၀၁၇ ရက်နေ့တွင် မူဆယ်သို့သွားရောက်မည့် Hino (၂၂) ဘီးယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ ပြောင်းဖူးစေ့အိတ်များဖြင့်ဖုံးအုပ်သယ်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်ခါးရွေ (၉၆) တုံး (၅.၈၈၉၄) တန် ၊ ပိတောက်သစ်လုံး (၅) လုံး (၀.၄၁၀၂) တန် နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် (၇၈.၆၉၃) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၄၈၁၇.၂၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**




ထူးခြားဖမ်းဆီးမှု အနေဖြင့် ၃-၁၀-၂၀၁၇ ရက်နေ့တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် (၁၂) ဘီးယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင် သွားရောက်စစ်ဆေးခဲ့ရာ တရားမဝင်ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် Blue Labe (1x6 btl) 1 liter (20) Pkgs၊ Gold Lable Reserve F1 Official (1x6 btl) 1 liter (50) Pkgs၊ Gold Lable Reserve (1x6 btl) 1 liter (25) Pkgs၊ Black Lable (1x12 btl) 1 liter (50) Pkgs၊ Double Black (1x12 btl) 1 liter (156) Pkgs၊ Double Black (Inspirin Stories)(1x12 btl) 1 liter (72) Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၆၉.၆၅၈) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ အောက်တိုဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၄.၁၆၅ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၁၈.၉ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၂၃ မှု | ၂၃ မှု | ၇၁.၆၅၅ သန်း |
| | စုစုပေါင်း | - | ၂၅ မှု | ၂၅ မှု | ၉၄.၇၂၀ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၁-၁၀-၂၀၁၇) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ နှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၆၀) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၂၁၈၉.၁၂) သန်းခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူ စားသုံးရန်မသင့်သော အေးခဲအသားများ ဖျက်ဆီးခြင်း





ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူစားသုံးရန် ၊ သုံးစွဲရန်မသင့်သော အေးခဲအသားများ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄.၃၅) သန်းခန့်အား (၂-၁၀-၂၀၁၇) ရက်နေ့ နံနက် (၁၀:၀၀) အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးနေလင်း ဥက္ကဋ္ဌ အဖြစ်ပါဝင်သောဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



Energy Drink များကိုနယ်စပ်မှတင်သွင်းမည်ဖြစ်ပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ HS Code မှာ 2202.99.90 ဖြစ်ပြီး အကောက်ခွန် 10% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Machinery For Sorting များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ HS Code မှာ 8474.10.10 ဖြစ်ပြီး အကောက်ခွန် 3% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Picture (ပန်းချီကား) များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 4911.99.90 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




ပြောင်းဖူးစေ့များ တင်ပို့လိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ ၊ HS Code မှာ 1005.10.00 ဖြစ်ပြီး အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန် 0% နှင့် ကြိုတင်ဝင်ငွေခွန် 2% သာပေးဆောင်ရမည် ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




Tooth Brush များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 9603.21.00 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။




Key Chain များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 7326.90.99 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။



Machine Spare Parts (Bearing) များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်း ရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 8482.10.00 ဖြစ်ပြီး အကောက်ခွန် 3% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

HS Code 2017 Version အား မည်သည့်ရက်တွင် စတင်ကျင့်သုံးမည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့ရာ ၂၀၁၇ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင် စတင်ကျင့်သုံး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။